www.dhammaransi.com

# ရှင်မုဍ္ဍိုး

# ဘုရားသည်ရှိခိုးအဆကြွခင်ဗ

၄၇
မ

www.dhammaransi.com

နမောတဿ၊ ဘဂဝတော၊ အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

# ရှင် မုတ္တီး ဘုရား သမိုင်း အကြောင်း။

ငါတို့ဂေါတမ မြတ်စွာဘုရား၊ သာသနာတော် ကောဇာ– ကိုးရာသုံးဆယ်လွန်၍၊ မင်း (၄၄) ဆက် ခေါက်လတ်သောအခါ၊ သီဟိုဠ်ကျွန်းကိုအစိုးရတော်မူ သော၊ မဟာနာမ မင်းသက်ထက်၊ အရှင်မဟာအရဟံ၊ ရဟန္တာထေရ်မြတ်ကြီးသည်၊ ကြီးစွာသော ပူပန်တော် မူခြင်း၊ ဖြစ်တော်မူသည်မှာ၊ သုံးလောက ဘဂဝါ၊ အစိန္တေယျာ၏၊ သာသနာတော်ငါးထောင်၊ တည်သရွေ့ ကာလပတ်လုံး၊ မည်သည့်တိုင်းပြည်မြို့ရွာ၌၊ ဘုရား သာသနာတည်တွန်းပါအံ့နည်းဟု၊ ဆင်ခြင်တော်မူသည် ကိုသိကြားမင်းသိတော်မူ၍မဟာထေရ်ကြီးထံချဉ်းကပ်၍ ပြီးလျှင်၊အရှင်ဘုရား၊အဘယ်ကြောင့်စိုးရိမ်ပူဆွေးတော် မူပါသနည်းဟု၊လျှောက်ထားရာ၊ သိကြားမင်း၊မြတ်စွာ ဘုရား သာသနာတော် ငါးထောင်တည်သရွေ့ ကာလ ပတ်လုံး၊ တန္နုန်းမရ၊ သံဗုဒ္ဓသာသနာသည်၊ ရှည်ကြာ

www.dhammaransi.com



အခြို၊ တည်အံ့သော၊ မြို့ရွာဒေသကို၊ သိလိုသောဆန္ဒ၊ အားကြီးအှ၍၊ စိုးရိမ်ပါသည်ဟု၊ မိန့်တော်မူလေလျှင် အရှင်ဘုရား၊စိုးရိမ်တော်မမူပါလင့်၊ ဟေမဝန္တာ၌တည် ရှိသော၊ သရက်ခံနှစ်ကို၊ ဤဘဒ္ဒကပ် ကမ္ဘာဝယ်၊ ကောက္ကုသံ၊ဂေါနာဂုံ၊ကဿပ၊ဂေါတမ၊ဘုရားလေးဆူ၊ ရုပ်ပွါးတော်နှင့်၊သဏ္ဌာန်အတူ ထုလုပ်တော်မူ၍ သရိယာ ဓါတ်သွင်းတော်မူပြီး၊ ကျောက်ကဗျည်း ထုလုပ်ပြီးလျှင်၊ မဟာဗောဓိပင်အစစ်မှ လေးစေ့သောဗောဓိစေ့ကိုမျိုး လိုက်၍၊ လေးဌာနဒေသသို့၊ သာသနာတော်တည်ရာ၊ ကြွတော်မူပါ ဘုရားဟု၊ အရှင်နှင့်တကွ၊ ရဟန္တာ အပေါင်းတို့သည်ရင်း၊ ဘုရားတပည့်တော်တို့သည်ရင်း၊ သစ္စာအဓိဋ္ဌာန် ပြုတော်မူပြီး၊ လွှတ်တော်မူပါလျှင်၊ ထို ကြောင်းကြားခြင်းသည်၊ ကင်းပါမည်ဘုရားဟု သိကြား မင်း လျှောက်လေလျှင်၊ အလွန် ဝမ်းမြောက် တော်မူ၍၊ သရိယာဓါတ်တော် လေးဆူထုတ်ပေးပြီး၊ သိကြားမင်း အားစီရင်စေ၍။

www.dhammaransi.com

# {၃}

ထိုဖေါင်တုံး၊ ထီးဖြူ၊ ပရိက္ခရာ၊ ကျောက်ဖြာတို့ကိုလည်း၊ မဟာနာမ--မင်းအားကြားစေလျှင်၊ အလွန်ဝမ်းမြောက် တော်မူသည်ဖြစ်၍၊ အမတ်ပြည်သူတို့နှင့်၊ စည်းဝေးတိုင်ပင်၊ အလေးအမြတ်ပြုပြီးလျှင်၊ ဿက်နံ့းတုန်း လက်ပံနှစ်တုန်း၊ စသောတုန်းပေါ်၌၊ ကမ္ဗည်းရိုက်ခါထိုကျောက်ဖျာကိုတင်ပြီး၊ ငါးစင်းသောထီးဖြူငယ်တို့ကိုစိုက်မိုး၍၊ ရွှေဖျဉ်း အိုးငယ်တလုံးစီ၊ ရွှေမြေထည့်ပြီး၊ အသင့်ထားလေလျှင်၊ သိကြားမင်းသည်၊ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးကို၊ ရုပ်ပွါးတော်လေးဆူကိုင်စေ၍၊ မိမိမှာမူကား၊ လေးစေ့သောမဟာဗောဓိစေ့တို့ကိုကိုင်၍၊ တုရိယာငါးပါးတို့ဖြင့်၊ တီးမှုတ်ပြီးလျှင်၊ နတ်သားနတ်သမီးအပေါင်းခြံရံလာသည်ကို၊ သန်းခေါင်ကျော်အချိန်မဟာထေရ်ကြီးထံခစား၍၊ ရုပ်ပွါးတော်အတွင်း၊ ဓါတ်တော်သွင်း ပြီးလျှင်၊ မဟာထေရ် နှင့်တကွ၊ ရဟန္တာအပေါင်းတို့သည်၊ မဟာသုဒ္ဓသဘော်ဆိပ်၌၊ မဟာလှေကြီးဆောက်ထားရာ၊ စိမ်ခန်းကျင်းထားသည့်နေရာသို့၊ နတ်နှင့်တကွကြွသွားတော်မူ၍၊ ရောက်လေလျှင်၊ မဟာနံ

www.dhammaransi.com



မင်းသည်၊ များစွာသော-မီးရှူးမီးတိုင်တို့ကို၊ နန်းတော်ထောသာပြတင်းမှ၊မိဖုရားကြီးနှင့်မြင်လေလျှင်၊ တဆောင်သောမြင်းတပ်တော်တို့ကို၊ စစ်သူကြီးအားအလျှင်ဖြင့်စေ၍၊ သင်မိဖုရားနံက်အာရုံလွန်လျှင်သဃာ်တော်တထောင်အတွက်၊ ဆွမ်းနှင့် ရောက်စေရမည် မှာတော်မူပြီးမှ၊ မဟာသုဒ္ဓသဘော်ာဆိပ်သို့ ထွက်တော်မူ၍ ရောက်လျှင်သိကြား-မင်း-နတ်မင်းတို့၊ နေရာချထား၊ မီးရှူး-မီးတိုင်နတ်အမွှေးတိုင်တို့ဖြင့်၊ပူဇော်ထားခဲ့သော၊ သက်နံးတုန်းပတောက်တုန်း၊လက်ပံတုန်း၊ပြင်းမတုန်းတော်ပေါ်ဝယ်၊ ရွှေဖျဉ်းအိုး၌ စိုက်ပျိုး ထားခဲ့သော၊ မဟာဗောဓိပင်တတောင်ခန့်ကိုမြင်၍၊ အလွန်အံ့ဩကြည်ညိုသောစိတ်ကြီးစွာဖြစ်ရကား၊မြေဦးခေါင်းတသားတည်း၊ စစ်သူရဲအပေါင်းနှင့်တကွ၊ ပူဇော်ကြနေသည်အတွင်း၊ သေးဆုသောရုပ်ပွားတော် တို့သည်၊ လေးဖြာသော အဆင်းရှုပကာယတော်နှင့် - ရောင်ခြည်တော်ခြောက်သွယ်ထွက်တော်မူ၍၊ ထန်းနှစ်ပျားခန့်၊ ကောင်းကင်ပေါ်ဝယ်၊ စကြိုကြွလူး၊ ကွန့်မြူးတော်မူသည်ကို၊ မိဖုရားနှင့်တကွ၊

ပြည်သူအပေါင်းပုံးမြင်ကြ၍၊ မရေတွက်နိုင်သော၊ရဟန်း
ရှင်လူ ပြည်သူအပေါင်းတို့သည်၊ သောင်းသောင်းညံ့မျှ၊
ပူဇော်ကြ၍၊ ရင်ပတ်လက်တီး၊ အံ့ချီးမကုန်၊လုံးစုံပူဇော်
ဆွမ်းတော်ကပ်ရန်၊ စီမံချက်ပြုတ်ပြီးလျှင်၊ လေးဆူသော
အရှင်နှင့်၊ တသောင်း ငါးထောင် နှစ်ကျိပ်ငါးပါးသော
သံဃာတော်တို့ကို၊ဆွမ်းအဝတ်သင်္ကန်း၊ပရိက္ခရာရှစ်ပါး
တို့ကို လှူဒါန်းပြီး၊ လေးဆူသော ရုပ်ပွားတော်တို့ကို၊
ရဟန်းရှင်လူ အပေါင်းတို့သည်၊ အထူးထူးသောပူဇော်
ခြင်းတို့ဖြင့်၊ပူဇော်နေသည်အတွင်း၊မဟာအရဟံအမည်
တော်ရှိသော၊ မဟာရဟန္တာ မထေရ်ကြီးနှင့် တကွ၊
ရဟန္တာအရှင်မြတ်တို့၊မဟာသုဒ္ဓ သဘောဆိပ်သို့ ဆင်း
သက်တော်မူ၍၊မဟာနာဝ-မင်းကို အပါးတော်၌ထားပြီး
လျှင်၊ မဟာထေရ်ကြီးသည်၊ ဤသို့အဓိဋ္ဌာန်ပြုသေ၏၊
စတုမာတုဗုဒ္ဓပိမ္ဗာ သီဟဠဒီပေနဿိဿံဗုဒ္ဓသာသနပတိဋ္ဌံ
ရဋ္ဌေဂရုဂါမဋ္ဌ၊ ဇ္ဈာခကပ္ပေပဋ္ဌဗုဒ္ဓါ၊ ဧကံတေနပဘုဂုသ်၊
အမှာကဋ္ဌ၊ မဟာထေရော၊ ဧတေနသစ္စဝဇ္ဇေန၊ သီဃံပါ
ဝိသိဘာဂဝါ။ ။ဇ္ဈာခကပ္ပေ၊ ဤအဓိကာပ်ကန္တာ၌၊

www.dhammaransi.com



ပဋ္ဌဗုဒ္ဓါ၊ ငါးဆူသော ဘုရားရှင်တို့သည်၊ ကော်တေနှ၊ စင်စစ်အားဖြင့်၊ ပဘုဂုသိ၊ ပွင့်တော်မူလေကုန်ပြီ၊ တေနှ သဗ္ဗဝဋ္ဋနှ၊ ဤသို့မှန်သော စကားကိုဆိုပါဘိမူကား၊ စတုဓါတု၊ လေးဆူကုန်သော၊ ဗုဒ္ဓဒိပ္ပါမြတ်စွာဘုရားရုပ် ပွါးတော်တို့သည်၊ အမှာဘဋ္ဌ၊ အကျွန်ုပ်တို့၏၊ ဘိဟာဋ္ဌဒိနေပ နှ၊ ဘိဘိုဋ္ဌကျွန်းမှ၊ ဗုဒ္ဓသာသနပတိဋ္ဌံ၊ ဘုရားသာသနာ ငါးထောင်သာလျှင်၊ တည်ရာဋ္ဌာန၊ မြှုနေသသို့၊ ဘဂဝါ၊ ရွှေဘုန်းတော်သခင်အရှင်မြတ်ဘုရားသည်၊ ရဋ္ဌနဂရဂါ မဋ္ဌ၊ တိုင်းပြည် မြို့ရွာသို့၊ ဘိစံ၊ လျှော်စွာ၊ ဂါဝိသိ၊ ကြွသွားတော်မူလေသတည်း ဤသို့ မဟာထေရ်သစ္စာ ပြုပြီးသည်နှင့် တပြိုင်နက်၊ လက်အုပ်ချိင်၊ ဦးတင် ကန်တော့ကြသောလျှင်၊ လေးဆူသော အရှင်တို့သည်၊ စက်ဘင်ယန္တာသား၊ ချပ်ထုပ်သွားသို့၊ လျှင်လျှားဆောစွာ သာသနာကောဇာ၊ ကိုးရာသုံးဆယ်ရှစ်ရ၊ ဥတုဂိမ္ဘန္တ၊ တပေါင်းလပြည့်နေ့ ကြွသွားတော် မူလေ သတည်း၊ ထိုသို့ကြွသွားတော်မူပြီးလျှင်၊ ဖိန်သေဌသ၊ ငါးမာန်အောင်မြင်၊ မြတ်ချစ်ရှင်၏၊ ကောဗုဒ္ဓရုပေါ၊

www.dhammaransi.com



တဆုသောရုပ်ပွါးတော်ဖြစ်သော၊ဘဂဝါ၊ရုပ်ပွါးမြတ်စွါ အစိန္တေယျာသည်၊ယောနကရထဿ၊ ယောနကတိုင်း ၏၊ မဟာဇေယပုရသို့၊ မဟာဇေယပုရပြည်တော်သို့၊ သီဃာ၊လျှင်စွာ၊ပါဝိသိ၊ကြွသွားတော်မူလေပြီ။

ဖိနုသေဋ္ဌဿ၊ငါးမာန်အောင်မြင်၊မြတ်ချစ်ရှင်၏၊ ကောဇုဋ္ဌရုပေါ၊တဆုသောရုပ်ပွါးတော်ဖြစ်သော၊ဘဂဝါ ရုပ်ပွါးမြတ်စွာ၊ အစိန္တေယျာသည်၊ ရက္ခပုရရဋ္ဌ၊ ဓညဝတီပုရဿ၊ ရက္ခပုရတိုင်း၊ ဓညဝတီပြည်ကြီး၏၊ သံတွဲနာမ၊ နဂရသို့၊ သံတွဲအမည်ရှိသော မြို့တော်သို့၊ သီဃာ၊လျှင်စွာ၊ပါဝိသိ၊ကြွသွားတော်မူလေပြီ။

ဖိနုသေဋ္ဌဿ၊ ငါးမာန်အောင်မြင်၊မြတ်ချစ်ရှင်၏၊ ကောဇုဋ္ဌရုပေါ၊ တဆုသောရုပ်ပွါးတော်ဖြစ်သော၊ ဘဂဝါ ရုပ်ပွါးမြတ်စွာ၊ စိန္တေယျာသည်၊ သုဝဏ္ဏဘူမိတိုင်း၊ သထုံပြည်ကြီး၏၊ ဘီးလင်းနာမနဂရသို့၊ ဘီးလင်းမြို့ တော်သို့၊သီဃာ၊လျှင်စွာ၊ ပါဝိသိ ကြွသွားတော်မူလေပြီ။

ဖိနုသေဋ္ဌဿ၊ငါးမာန်အောင်ပြီး၊မြတ်စောထီး၏၊ စတုပိမ္ဗာ၊ လေးဆူရုပ်ပွား၊ ရှင်တော် ဘုရားတို့သည်၊

www.dhammaransi.com



ဗုဒ္ဓသာသန ပဉ္စသဟဿတိဗ္ဗွတ္တိ၊ ဘုရားသာသနာငါး
ထောင်သာလျှင်၊ တည်ရာဌာန၊ မြို့ဒေသသို့၊ သီဟဠမေဝ၊
လျှင်စွာသာလျှင်၊ ပါဠိသိ၊ ကြွသွားတော်မူပါကုန်အရှင်
ဘုရား၊ တုမြေ၊ ရှင်ပင်ဘုရားတို့ကို၊ အဟံ၊ အကျွန်ုပ်
မည်ညွှား မိုဃ်းသိကြားသည်၊ ဝန္ဒာမိ၊ သဒ္ဓါရိုကျိုး၊
လက်စုံမိုး၍၊ ရှိခိုးပါ၏အရှင်ဘုရား၊ တောနှ၊ ထိုသို့ရှိခိုး
ပူဇော်ရသော အကျိုးအားဖြင့်၊ ဗုဒ္ဓသာသနံ၊ ဘုရား
သာသနာငါးထောင်သာလျှင် တည်လာသမျှကာလပတ်
လုံး၊ မေ၊ အကျွန်ုပ်သည်၊ ရက္ခတု၊ စောင်မကြည့်ရှုနိုင်ပါ
စေကုန်သတည်း။

သိကြားမင်းသည်၊ ဤသို့သော၊ နတ်ပုန်း-နတ်
သီမီးတို့ဖြင့်၊ ပူဇော်၍၊ သစ္စာအဓိဋ္ဌာန်ပြုပြီး၊ ဆုတောင်း
လေလျှင်၊ လေအဟုံကဲ့သို့ကြွတော်မူ၍၊ တဆူသံတွဲ၊
တတွဲယောနကတိုင်း၊ လောမြို့၊ သုံးဘို့ဘီးသင်း၊လေး
ဆင့်ဒါးဝယ်၊သွယ်သွယ်လေးမည် ဇိနေနာမ၊ယောနက
မှာ၊ ဇိနကောဏ္ဍသန်၊ တဖန်သံတွဲ၊ တွင်မြဲတဖုံကော
နဂုံလျှင်၊ မြို့တွင်ဘီးလင်း၊ရှင်ရင်းကဿပ၊မြို့ဒါးဝယ်၊
အံ့ဘွယ်မည်သာ၊ ဇိနာဂေါဓမ၊ မှတ်ကြမိုလ်ချေ၊

www.dhammaransi.com



မြို့လေးတွေတို့ဟူ၍၊ ရှေးပဉ္စာရှိဘို့ စင်ဆိုထားသည်၊ ဤလေးသုသော ရုပ်ပွားတော်တို့သည်၊ အသီးသီးသာ သနာတည်ရာတိုင်းပြည်မြို့ရွာသို့ကြွဝင်လေလျှင်၊ ဖိနဝေါ ဓမ၊ သိကြားထုသည့်၊ သရက်ခံသား၊ ရွှေအဆင်းခါတ် တော်ဗောဓိပင် ကျောက်စာကဗျည်း၊ သက်န်းတုန်းနှင့် တကွ သာသနာတော်ဘောဇာ ၆၃၂ ခု၊ အားဝယ်သာ ဂချမြို့တော်၊ ဝေဒီကင်းတပ်ရွာသူကြီး၊ လက်ျာပြန်ချို၊ ဒေါင်မှုန်က၊ လှူပေါင်းတရာကျော်သောက်၊ ငှက်ကြီးဖွေ ငယ်အသွယ်သွယ်တို့နှင့်၊ ကမ်းဆိပ်သို့ပင့်ပါသော်လည်း မပါရှိနေသည့်ခြင်းရာကြောင့် နန္ဒိယမင်း ရှင်ဖုံဘုရင်၏ သားတော်၊ ဗသဒ္ဒဝစောရနိုင်၊ မင်းဘရားထံလျှောက် ထားရာ၊ ဆရာတော်၊ သင်္ဃာတော်၊ ပုဏ္ဏားတော်၊ မှူး တော်မတ်တော်တို့ပါ၊ ထောင်သောင်းမကသော၊ ပြည်သူ ဗိုလ်ပါများဘို့နှင့်တကွ၊ ခဲကျော-လှော်ဖွေရာထောင် မက၊ ဆွဲငင်ကြပါသော်လည်းမပါ၊ သုံးချက်တိုင်တိုင်ကြို ခိုင်နေပြီး၊ မယ်တော်စောမြဒေဝီ၊ ကုသိုလ်တော်အနီး သေ တရွာကုန်းတန်းအဂုဋ္ဌဆိုက်လေလျှင်သူတော်စင်သီလရှင်

www.dhammaransi.com

{၁၀}

မယ်အောသီ၊ သူ့အမည်-မန်းမွှေး၊ မယ်ကေသီ-မန်းသာ၊ မယ်ဥတ္တမ မန်းအောင်၊ မယ်ပညာ-မယ်သူ၊ မယ်ဥာဏာ မန်းထွေး၊ မယ်ကိတ္တိ-မန်းအေးတို့၏ဆရာ၊ မမယ်အောသီ မန်းမွှေးကို-အိမ်ခက်ပေးသည်မှာ၊ ချည်ဝင်ခုနစ်မျှင်ကို၊ ခုနစ်ဖန်ကြစ်၍၊ သက်န်းတုန်း၌ချည်ပြီးလျှင်၊ အရှင်ဘုရား လိုရာအခွင့်၌၊ ကိန်းဝင်တော်မူပါဘုရားဟုလျှောက်ပြီး၊ ယခုဘပေါင်းလပြည့်နေ့၊ ရေပြည့်သည့်အခါ၊ ဆွဲ၍တင် သေဟု၊ အိမ်ခက်မြင်လေလျှင်၊ နံ့နက်ပွဲခုနစ်ပွဲပြင်၍၊ နတ်ကောင်း နတ်မြတ်တို့ကို၊ ပူဇော်ပသ၊ ရုပ်ပွားတော် အရှင်မြတ်ကိုလည်း၊ ဆွမ်း-ရေချမ်း ဆီမီး-ပန်းပေါက် ပေါက်တို့ဖြင့်၊ လှူဒါန်းပူဇော် ကန်တော့ပြီးလျှင်၊ သုံး စင်းသောထီးဖြူကို၊ ဘုရင်မင်းမြတ် အုပ်မိုးထားသည် အတိုင်း၊ သပ်ရပ်စွာ ထားပြီးမှ၊ ချည်ခုနစ်မျှင်ကြိုးကို၊ သက်န်းတုန်း၌ချည်ပြီး၊ သစ္စာအဓိဋ္ဌာန်ပြု၍၊ သူတော်စင် ခုနစ်ပါး ဆွဲလေလျှင်၊ အလိုလိုပင်ပါလိုက်လာ၍၊ ယခု စေတီတော်ဘည်ရာ အရင်သို့ကျလျှင်၊ ရပ်တန့်တော်မူ လေသတည်း၊ ထိုအကြောင်းကို-ဝေဒိရွှင်၍၊ ခေတ္တစံနေ

{၁၁}

ထောင်မှုသော၊ ဗလဒေဝစောနရိန် မင်းကြီးကို၊တင်
လျှောက်သောလျှင်၊ အလွန်အားရဝမ်းမြောက်တော်မူပြီး၊
ရွှေဓဏ္ဍရွှေလောင်းဘုံနှင့်၊ မျိုးမတ်ပြည်သူတို့ပါ၊ အလျှင်
ရောက်တော်မူပြီးသောက၊ ကြီးစွာသော မဏ္ဍပ်ကြီး
ဆောက်လုပ်ပြီးလျှင်၊ အရှင်သင်္ဃာတော်တို့၏၊ နေထိုင်
သီတင်းသုံးတော်မူအပ်သောနေရာ၊ မင်းကောရေဇာစံနန်း
တော်တို့ကို၊ အလျှင်ဆောက် လုပ်စေ၍၊ ရဟန်းရှင်လူ
ပြည်သူအပေါင်းတို့၊ နေ့ညမစဲ၊ အလှူပွဲတော်ကြီးကျင်း
ပတော်မူနေသည့်အတွင်း၊ အရှေ့ချပ်ကမိုးသူတော်အရူး
တယောက်၊ ခမောက်ဆောင်းပြီး၊ မဟာမဏ္ဍပ်အတွင်း
ဝင်သာပြီးလျှင်၊ ရှင်ဘုရင်အဘယ်အရပ်၌နေသနည်း
ဟုမေးလေလျှင်၊ ဘုရင်မင်းမြတ်သည် ကြားတော်မူ၍၊
ရှေ့တော်သို့သွင်းလေလျှင်၊ ဤသို့မိန့်တော်မူ၏၊ အဘိုးအို
သူတော်၊ ခမောက်ကို ဆောင်း၍လာခြင်း၊ ကျွန်ုပ်ကို
မေးခြင်းသည်၊ အဘယ်အကြောင်းနည်းမေးတော်မူရာ၊
မြတ်သောမင်းကြီး၊ အပါးတော်၌ခစားလျက်ရှိပါသော၊
အမတ်ကြီးသတိုးသီရိမဟာဇေယသိန်ကို [illegible]

ပါဟုတင်လျှောက်လျှင်၊ အမတ်ကြီးအသို့နည်းဟု မေး
တော်မူလျှင်၊ အရှင်မင်းမြတ်၊ ရှေးပဝေသဏီက၊
ထုတ်ထားသည့်၊ သိုက်တစောင်တွေ့ဘူးသည်မှာ၊ မဟာ
ထေပြိန်၊ အရဟံနှင့်၊ နတ်ထံပိုးငြား၊ ရိုယ်းသိကြား၊
မမှားရုပ်ပွား ထုသတ့်၊ ရုပ်ပွားလေးဆူ၊ ထုတော်မူ၊
ဆုယူသဗ္ဗာပြုသတ့်၊ မြတ်စွာသာသနာငါးထောင်သာ၊
တည်ရာဌာနလွှတ်လတံ့၊ ဗုဒ္ဓဟူးသားမင်းယောကျ်ား၊
ပိုးငြားတိုင်းပြည်ရောက်လတံ့၊ ထိုသို့ရောက်ခါ၊ မြတ်ဖြ
နာ၊ ခြောက်ဖြာရောင်ခြည်လွှတ်၍နေ၊ တောင်းသည့်ဆု
ကောင်းရလတံ့၊ သိကြားကျည်၊ ရွှေစေတီ၊ ထိုသည့်
မင်းမြတ်တည်လတံ့၊ တိုင်းပြည် သာယာ၊ လွှန်ချမ်း
သာ၊ အာသပြာရွှေ ငွေပေါလတံ့၊ ဝိဇ္ဇာဓိုရ်ရှိပြန်၊ သူ
တော်မှန်၊ နိဗ္ဗာန် လမ်းကြောင်း ပြလတံ့၊ ဟူ၍သိုက်
တစောင်တွေ့ပါသည်ဘုရားဟု၊ လျှောက်ထားသကာလ
မားဝေ့-မှန်ဘဲ့မှန်ပြွင်းကွဲ့ မိုးသူတော်ဆို၍ရယ်လေ
၏၊ မြန်မာလိုပြန်သော်(အမယ်လေး ၎င်းသိုက်မှန်ဘဲ့
မှန်လွန်းဟုလို)မိုးသူတော်အာဘယ်စကားကို၊ ပြောလို

www.dhammaransi.com



သနည်းမေးရာ၊ ရှင်ဘုရင်ကြီး၊မင်းကျင့်တရားဆယ်ပါး
နှင့်အညီ၊ မင်းပြုသော၊ပြည်သူတို့ကို၊ ဒုစရိုက်ဆယ်ပါး
ကိုပယ်စေ၍သုစရိုက်ဆယ်ပါးကိုကျင့်သုံးဆောက်တည်
စေလော့၊ မယ်တော်ခမည်းတော်တို့ကို၊အမျှဝေလော့၊
ဆရာတောင်ဖွေးကို ယူရစ်လေဟုပေးပြီး ဘုရားရှင်ပွား
တော်မြတ်ကို၊ ဦးတိုက်လျှင်၊ ရုပ်ရှင်တော်မြတ်စွာသည်၊
ရောင်ခြည်တော်ခြောက်ဖြာဖြင့် ကွန့်မြူးတောင်မှုသည်ကို၊
မင်းစသောပြည်သူရှင်လူရဟန်းတို့၊အလွန်ကြည်ညိုသော
ပီတိဖြစ်၍၊ ဦးတိုက်ပူဇော်ကြကုန်၏၊ ပြည့်ရှင်မင်း
လည်း၊ သီရိဇေယျသူ၊ ငယ်မည်၊ မောင်ဘာကို၊ လူ
တထောင်နှင့်၊ ကျွဲ-နွားတို့ဖြင့်၊ ကြိတ်နယ်စေ၍၊အုတ်
နှင့်ဆိုင်ရာအပြီးလုပ်စေ၊ အမိန့်တော်မှတ်၍၊ပြီးစီးအောင်
လုပ်ရလေသတည်း၊ သံတော်ဆင့်၊ မဟာသင်္ခရာကို၊
ပိသုကာဘာထောင်နှင့်၊ မဟာပိဋကဍ္ဍရာမ၊ သိမ်ကျောင်း
တော်ကြီး၊ နှစ်သအတွင်းပြီးအောင်၊ ကြပ်မဆောက်လုပ်
စေသတည်း၊ တောင်ပြင်မင်းကြီး၊ သတိုးသီရိဇေယျသူ
ကို၊ပန်းချီဆရာပါ၊ ပန်းချီအရောင်ဓာတ်ကျွမ်းသောသူ၊

www.dhammaransi.com



လူ့ဘာထောင်နှင့်၊ စေတီတော်ကို၊ တည်စေသတည်း၊ ထိုစေတီ ဥာပနာထိုက်မှာ၊ အလျားတဆဲ့နှစ်တောင်၊ အနံသယ်တောင်၊ အမြင့်ရှစ်တောင်၊ ကျောက်ဖျာ၊ ကျောက်ချောတို့ကို၊ ကာရံမိုးခင်းစေ၍၊ ခိုင်မာသော ကျောက်အင်တော၊ ချော်ရေတို့ကို ပွတ်သုတ်စေပြီးလျှင်၊ ဘိုးတော်ဂေါဝိန္ဒ ရှင်ရသေ့ရွှေရုပ်တော်၊ ခမည်းတော် ရှင်ဖုံ ရွှေရုပ်တော်၊ မယ်တော်-စောမြနေပီ၊ ရွှေကိုယ်လေး ရုပ်ပုံတော်၊ သိကြားပြုဟ္မာ စသော အသီတိရှစ်ကျိပ်၊ ရွှေရုပ်တော်၊ သဗ္ဗညုဥာဏ်၊ ရွှေသားဗောဓိပင်၊ မြသား ရွက်ချပ်၊ ရွှေသားနဝရပ် ကိုးပါးစီပလွှင်တော်၊ အငွေ့ရွှေသား၊ အရိုးရွှေသား၊ ရွက်ကားငွေစင်၊ အဘိုးတသိန်း တန် ထီးဖြူတော်ကို၊ ရုပ်ပွားတော်မြတ်၊ သရက်ခံသား ကို၊ ရွှေသားစေတီတော်၊ နဝရပ်ကိုးပါးထီးအုပ်မိုးပြီး လျှင်၊ဗသဒေဝစောနရိန္ဒဘုရင်၊ ရွှေကိုယ်လေးရုပ်ပုံတော်၊ မိဖုရားကြီး၊ သိရိသုဓမ္မ-မဟေသီ၊ ရွှေကိုယ်လေးရုပ်ပုံ တော်တို့နှင့်၊ ဘိုးတော်-ခမည်းတော်၊မယ်တော်၊ ရုပ်ပုံ တော်တို့ကို၊နဝရပ်ကိုးပါးပန်းခိုင်တို့နှင့်၊ မြတ်စွာဘုရား

www.dhammaransi.com



အရှင်ကို၊ ပူဇော်ဟံပြု၍၊ ရုပ်ပွားတော် အရှင်မြတ်၏၊ ရှေ့တော်ဝယ်၊ အသီးသီးနေရာချထားတော်မူ၍၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ရွှေသားပရိက္ခရာ ရှစ်ပါးတို့ကို၊ ဆိုင်ရာနေရာ၌၊ ချထားတော်မူပြီးလျှင်၊ အတွင်းတဝဂ္ဂ အတွင်း၊ ခံသည်းတော်လက်ထက်တော်၊ နန်းတော်ရှေ့ဝယ်၊ ရွှေကျောင်းနှင့်ထား၍၊ နေ့စဉ်ကိုးကွယ်တော်မူသော၊ အနံ့ ခတ်တော်၊ ရုပ်ပွားတော်ကို၊ ရွှေစေတီအုပ်တော်မူပြီး၊ ပတ္တမြားသီးတော် တင်ပြီးလျှင်၊ ဌာပနာတိုက်တော်ကို၊ ၉၃၃-ခုနှစ်၊ ကဆုန်လဆန်း (၅) ရက်-ကြာသပတေးနေ့၊ နံနက် နေမျက်နှာချိန်၊ ဘုရင်ကိုယ်တိုင် ရှုတော်မူ၍၊ ဌာပနာတိုက်ပိတ်တော်မူလေသတည်း၊ ၇-ရက်စနေနေ့ နေထွက်သည်နှင့် တပြိုင်နက်၊ ဌာပနာတိုက် အထက်၊ လူပေါင်း ပန်းရန်တထောင်နှင့်၊ စေတီတော်ကို ထင်မံ တည်းတော်မူ၍၊ တမိုးယံခံပြီးလျှင်၊ ၉၃၃-ခု ပြာသိုလ ကစ၍၊ အချောအဂ်တေ ကိုင်ပြီးမှ၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့၊ ယွန်းသယ်ာ၊ တလိုင်းသယ်ာ မြန်မာသယ်ာ၊ ပေါင်းသယ်ာတော် လေးထောင်ငါးရာတို့ကို တိစိဝရိ

www.dhammaransi.com



သက်န်း၊ ပိုး-ဖဲ-ရုံရေ (၄၅၀၀) ပရိက္ခရာနှင့်၊ သီးမျိုးစုံ ပဒေသာတို့ကို ၊တပါးတပင်ကျ လှူတော်မူခြင်း၊ အဘိုးအိုအမယ်အိုခြောက်ရာတို့ကိုရင်း၊ဆင်းရဲနွမ်းပါးသောသူတို့ကိုရင်း၊ ပုဆိုးတထည်၊ အင်္ကျီ-ခေါင်းပေါင်း- အဝတ်တစုံစီ၊ လူငါးထောင်တို့ကိုပေးလှူခြင်း၊ ငွေဝနှင့်အိမ်ခြေ- ဆယ်အိမ်ထောင်တို့ကို၊ ကျွန်သီးတော်အနေနှင့်၊ လှူတော်မူခြင်း၊ ရဟန်းတရာ- မောင်ရှင်တရာ၊ ဝင်မြောက်ခြင်း စသော၊ အလှူတော် အမျိုးမျိုး တို့ကို၊ သကျသီဟသိရိပဝရ အဂ္ဂမဟာဓမ္မ သေနာပတိမဟာမေဓ ရာဇာဓိ ရာဇာဂုရု၊ တံဆိပ်နာမံ ခံယူတော်မူသော သာသနာပိုင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင်၊ တရားအနုမောဒနာပြု၍၊ ရေစက်သွန်းချသော အဆုံး၌၊ ဘုရင်မင်းမြတ်သည်၊ ဤသို့ဆုတောင်းတော်မူ၏ အရှင်ဘုရား ဤသို့သောအလှူကြောင့်၊ နိဗ္ဗာန်မရသမျှကာလ ပတ်လုံး၊ အပါယ်လေးပါးမှ ကင်းလွတ်၍၊ ဤရှင်ပွား စေတီတော်နှင့်ဘကွ၊ အချပ်ရပ်သော - စေတီရှင်ပွား တော်မြတ်တို့ကို၊ ဘဝတိုင်း ဘဝတိုင်း၌၊ ပြုစုပြင်ဆင်

ကိုးကွယ်ခသည့် ဖြစ်ခပါလို၏ဟု၊ ဆုတောင်းသည်နှင့် တပြိုင်နက်၊ ပထဝီမြေကြီးတော်ပဲ့တင်တီးပြီး၊ ကောင်းကြီးသုံးကြိမ်ပေးလေသတည်း၊ ရွှေစေတီ၊ ရွှေထီးတင်ပြီး၊ သားကြီးအိမ်ရှေ့၊ ဗသရန်နိုင်ကို၊ ထီးနန်းအပ်၍၊ ဥပုသ်ဆောက်ဝင်တော်မူလေသတည်း၊ ပါလာသောမဟာဗောဓိပင်ကို၊ ရွှေယာစမှတ်ကာ၍၊ တံတိုင်းသုံးထပ်၊ ဘုရားခတ်ရံပြီးလျှင်၊ သက်န်းတုန်းကို၊ ရွှေဘိန်းချထား၍၊ ကိုးကွယ်လေသတည်း၊ မတ်သူတော် မန်းမွှီး၊ မယ်အေသီနှင့်တကွ၊ မယ်သူတော်တို့ကို၊ အိမ်ကျောင်းဆောက်၍၊ အလိုရှိသမျှ ပစ္စည်းကို၊ လစဉ်ထောက်ပံ့လှူတော်မူလေသတည်း။

☆ ရွှေမုဍ္ဍဦးသမိုင်းပြီး၏။ ☆

www.dhammaransi.com



# ရွှေမုတ္ထိုးဘုရားရှိခိုး။

အစိန္တေယျ၊ အစိန္တေယျ၊ သိန်းခြောက်သောင်း ၅စ်ထောင်ပေါင်း၍ အလောင်းပေါင်းကြီး ခိုင်၊ ခရိုင်စည်သံ စည်သံထင်၍၊ သေးတန်ရောင်ဟို၊ မြင်းမိုရ်ကျော်ခေါင် အတောင်ဏ၊ထိပ်ဖြား၊ သိကြားနေရာ၊ တာဝတိံ္သသာ၊ မြ ဘုံသာ၊ လာ၍မွတ်မွတ်၊ ကျောက်နှုတ္တင်၊ ဖြတ်ညှျင်လဲ ထား၊ အရေးရုပ်ထု၊ သေးဆူပြု၍၊ သေးချစ်ရေ လေးပါးပြွင်ကို၊ ၅င်ပင်မုတ္ထိုး၊ တန်ခိုးကြီး၍၊ သိမ်းမြ တဆူ၊ တဆူသံတွဲ၊ တတွဲလောမာ၊ နတ်တို့ပို့လာ၍ ပို့လာအကိုင်ဆောင်၊ ရွှေညောင်တခွ၊ ထားဝယ်ဂ တွင်၊ သက်နန်းတုန်းကြီး၊ ကိုယ်တော်စီး၍၊ မြောဝ ကြွလာ၊ သဲပြန်သံထပ်၊ နေရိပ်ထပ်၍ တင့်တယ်ထိုင် ရာ၊ ရွှေကျောက်ဖြာနှင့်၊ ညောင်မှာသက်ဝဲ၊ ကိုင်ခါစွဲ၍ ခိုတဲ့အရိပ်၊ ဖေါမိပင်ဖျား၊ ကျေးများနား၍၊ ကျေး များသဏ္ဍဝါ၊ တောင်ယှက်ကာ၍၊ ရေမှာငါးများ၊ တရားသိဟန်၊ ပတ်ပတ်ရံ၍၊ ရေကိုမှုတ်တန်၊ ပေါက်

www.dhammaransi.com